# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၁

| | | |
|---|---|---|
| တော်ဝင်ဦးကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စားအုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းဝင်း) | နှင့် | ရှီဆေးဒိုးစက်ကာပူကုမ္ပဏီ (ပီတီအီး) လီမိတက် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စုစုမြတ်) |
| တရားလို | | တရားပြိုင် |

တရားလိုအတွက် - ဦးစိုးသိန်း၊ တရားလွှတ်တော်ရှေ့နေ
- ဦးမျိုးတင့်၊ တရားလွှတ်တော်ရှေ့နေ

တရားပြိုင်အတွက် - ဦးစံတင်၊ တရားလွှတ်တော်ရှေ့နေ

## အ မိန့်

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၃ ရက်။

ဤအမှုသည် တော်ဝင်ဦးကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စားအုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းဝင်း) က ရှီဆေးဒိုးစက်ကာပူကုမ္ပဏီ (ပီတီအီး) လီမိတက် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စုစုမြတ်) အပေါ် နစ်နာကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀,၀၀,၀၀၀/-(ဒေါ်လာသိန်းတစ်ရာ) နှင့် ညီမျှသော ငွေကျပ်သိန်းပေါင်း (၁၃၇၀၀) (သိန်းပေါင်းတစ်သောင်းသုံးထောင့်ခုနှစ်ရာတိတိ) ရလိုကြောင်း အဆိုပြုစွဲဆိုလာမှုဖြစ်သည်။

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

တရားပြိုင်ဘက်က အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) နှင့် ၁၀ (ဃ) တို့အရ ဤအမှုကို အနုညာတ စီရင်ဆုံးဖြတ်ခြင်းကိုခံယူစေရန် လွှဲအပ်အမိန့်ချမှတ်ပေးရန်နှင့် ဆိုင်းငံ့ပေးထားရန် လျှောက်ထားလာခဲ့ခြင်းဖြစ်သည်။

တရားပြိုင်ဘက်က အဆိုလွှာနှင့်အတူ ပူးတွဲတင်ပြထားသည့် တရားလိုနှင့် တရားပြိုင်တို့ ချုပ်ဆိုထားသော သဘောတူစာချုပ် စာပိုဒ် (၁၂)၊ အပိုဒ် (၁၅.၅) တို့တွင် ဖော်ပြထားချက်အရ အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို ခံယူစေရေးအတွက် လွှဲအပ်သည့်အမိန့် ချမှတ်ပေးသင့်ကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့ ချုပ်ဆိုထားသည့် စာချုပ်နှစ်စောင်အရ အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို သဘောတူ ထားပြီးဖြစ်ကြောင်း၊ ယင်းလျှောက်ထားချက်သည် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက် အမှတ် (၁၈) နှင့် မသက်ဆိုင်ပါကြောင်း၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ (၂) (ကက) တွင် ဖော်ပြ ထားချက်အရ စင်္ကာပူနိုင်ငံတွင် အနုညာတ စီရင်ဆုံးဖြတ်ခြင်း ခံယူရန် သဘောတူ



အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ထားမှုကြောင့် လွှဲအပ်သင့်ကြောင်း ယင်းဥပဒေပုဒ်မ ၁၀ (ဃ) အရလည်း ဆိုင်းငံ့ပေးသင့်ကြောင်းတို့ကို တင်ပြလျှောက်ထားလာခဲ့သည်။

တရားလိုဘက်ကလည်း ၂၀၁၆ ခုနှစ် အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) တွင် ပြဋ္ဌာန်းချက်အရနှင့် ပုဒ်မ ၅၈ (က) ပါ ပြဋ္ဌာန်းချက်အရ တရားလို တရားပြိုင်တို့ ချုပ်ဆိုခဲ့သည့် စာချုပ်နှစ်စောင်သည် အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေနှင့် အကျုံးမဝင်ပါကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့အကြား ချုပ်ဆိုထားသည့် စာချုပ်အပေါ် အခြေပြုသည့် အငြင်းပွားမှုနှင့်သာ သက်ဆိုင်ကြောင်း၊ တရားလိုစွဲဆိုသောအမှုနှင့် မသက်ဆိုင်ကြောင်း၊ ၁-၁-၂၀၁၄ ရက်စွဲပါစာချုပ်သည် ၃၁-၈-၂၀၁၆ ရက်စွဲပါ စာချုပ်အရ ပျက်သုန်းသွားပြီဖြစ်ကြောင်း၊ တရားပြိုင်သည် တရားလွှတ်တော်ရှေ့နေ ဦးငြိမ်းချမ်းဇော် ဖြင့်ထုချေဆောင်ရွက်ရန် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ချေလွှာတင်ရန်အမိန့်ရှိပြီးမှ တရားလွှတ်တော်ရှေ့နေ ဦးစံတင် ရုံးရှေ့ရောက်ရှိလာပြီး အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) အရ လျှောက်ထားချက်ကို လက်ခံရန်မသင့်ကြောင်း အငြင်းပွားမှုပေါ်ပေါက်က စင်ကာပူရှိ (SIAC) သာဆုံးဖြတ်ရန် ဖော်ပြချက်သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်နေပါကြောင်း၊ စင်ကာပူနိုင်ငံရှိ ခုံသမာဓိစီရင်ဆုံးဖြတ်မှုရုံးက မြန်မာနိုင်ငံတော်တရားရုံးချုပ်၏ စီရင်ပိုင်ခွင့်ကို မကန့်သတ်ထားကြောင်း၊ စင်ကာပူနိုင်ငံရှိ အနုညာတတရားရုံးသို့ လွှဲအပ်ပေးရန်အကြောင်းမရှိတော့ဟု ကန့်ကွက်တင်ပြလာသည်။

နှစ်ဖက်တင်ပြချက်အရ စိစစ်လျှင် တရားလို၏ အဆိုလွှာအပိုဒ် (၅) တွင် ဖော်ပြထားချက်အရ တရားပြိုင်ကုမ္ပဏီသည် တရားလိုကုမ္ပဏီကို ဖြတ်တောက်ပြီး အခြားကုမ္ပဏီတစ်ခုနှင့် လျှို့ဝှက်စွာ အစားထိုးဆောင်ရွက်မှုကြောင့် နစ်နာကြေးရရန် စွဲဆိုလာမှုဖြစ်သည်။

၂၀၁၆ ခုနှစ် အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) တွင် အနုညာတ သဘောတူညီချက်ပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ တရားရုံး၌ တရားစွဲဆိုထားသည့်အခါ အငြင်းပွားသူ တစ်ဦးဦးက အငြင်းပွားသည့် အဓိကအကြောင်းအရာနှင့်စပ်လျဉ်း၍ စာဖြင့်ရေးသားချက် တစ်စုံတစ်ရာ စတင် တင်သွင်းသည့်အချိန်ထက်နောက်မကျစေဘဲ အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို ခံယူစေရေးအတွက် လွှဲအပ်ပေးရန် တရားရုံးသို့လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားရာတွင် တရားရုံးသည် အနုညာတ သဘောတူညီချက် ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း သို့မဟုတ် ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း မတွေ့ရှိပါက အငြင်းပွားသူများအား အနုညာတ စီရင်ဆုံးဖြတ်ခြင်း ခံယူစေရန် လွှဲအပ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

တရားလိုဘက်က လျှောက်လဲချက်နှင့်အတူ ပူးတွဲတင်ပြလာသည့် တရားပြိုင်က တရားလို ကုမ္ပဏီအပေါ် စွဲဆိုသည့် စင်ကာပူပြည်သူ့သမ္မတနိုင်ငံ၏ တရားရုံးချုပ် အမှုတွဲအမှတ်စဉ် HC/OS 499/2017 ၏နှစ်ဦးကြား ဆင့်ခေါ်ရန်အမိန့်စာ နိုတြီဘာသာပြန်ချက်၌ EDA တွင်ပါဝင်သော တရားလို နှင့် တရားပြိုင်အကြား စီရင်ဆုံးဖြတ်မှုသဘောတူညီချက်နှင့်အညီ စင်ကာပူနိုင်ငံရှိ ခုံသမာဓိ စီရင်ဆုံးဖြတ်မှုမှလွဲ၍ ရန်ကုန်တိုင်းဒေသကြီး တရားရုံးချုပ်တွင် တရားပြိုင်မှ စွဲဆိုခြင်းကို ကန့်သတ်မထားသည့်အပြင် တရားလိုအား စွဲဆိုထားသော မြန်မာနိုင်ငံရှိ တရားစွဲဆိုမှုအမှတ် ၃၁/၂၀၁၇ နောက်ထပ်အမိန့်စာရောက် သည်အထိ အမိန့်ချမှတ်ထားပြီးလည်းဖြစ်သည်။ စင်ကာပူတရားရုံးက ဤမြန်မာနိုင်ငံရှိ တရားရုံး၏ အမှုစွဲ ဆိုခြင်းကို ကန့်သတ်မထားသည့်အပြင် ဤရုံး၏အမိန့်စာရသည်အထိ အမိန့်ချထားပြီးဖြစ်သဖြင့်

တာဝန်ခံမိတ္တူမှန် စစ်ဆေးပြီး မှန်ကန်ကြောင်း တာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

တရားလိုကုမ္ပဏီနှင့် တရားပြိုင်ကုမ္ပဏီတို့၏ သဘောတူညီချက်စာချုပ်အရ စင်္ကာပူနိုင်ငံရှိ (SIAC) မှ ဆုံးဖြတ်ရန် လွှဲအပ်ခွင့်အမိန့် ချမှတ်ရန်လိုမည်မဟုတ်တော့ချေ။

တရားလိုဘက်က တရားပြိုင်သည် ချေလွှာမတင်မီ ကန့်ကွက်လွှာတင်ခြင်းဖြစ်သည်ဟု တင်ပြ ကန့်ကွက်ချက်ကို လက်ခံရန် အကြောင်းမရှိပေ။ **မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး (၎င်း၏ဦးဆောင်ညွှန်ကြားရေးမှူး) နှင့် အင်တီဂရိတ်တက်ဘက်စနစ်ဆာစက်ကုမ္ပဏီလီမိတက် (အိုဘီအောက်စ်) (၎င်း၏အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်စိုး အမှု** [၁] တွင်လည်း ဤသို့ပင်ဆုံးဖြတ်ထားခဲ့သည်။

တရားလိုကုမ္ပဏီ၏ အဆိုလွှာအပိုဒ် (၇) နှင့် (၁၀) တို့တွင် ဖော်ပြထားချက်အရ တရားပြိုင်ကုမ္ပဏီသည် တရားလိုကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် စာချုပ်ကို မြန်မာနိုင်ငံအတွင်း၌ ဖောက်ဖျက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်အရလည်း တရားလိုကုမ္ပဏီက တရားပြိုင်ကုမ္ပဏီအပေါ် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ တရားစွဲဆိုခွင့်ရှိမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) နှင့် (ဃ) တွင် ဖော်ပြထားချက်၊ စင်္ကာပူနိုင်ငံတရားရုံးချုပ်၏အမိန့်တို့အရ ဤအမှုကို အနုညာတ စီရင်ဆုံးဖြတ်ခြင်းခံယူစေရန် လွှဲအပ်ရန်နှင့် ဤအမှုကို ဆိုင်းငံ့ထားရန် လိုမည်မဟုတ်တော့ချေ။ ထို့ကြောင့် တရားပြိုင်ကုမ္ပဏီမှ လျှောက်ထားသည့် အနုညာတ စီရင်ဆုံးဖြတ်မှုခံယူရန် လွှဲအပ်ပေးရန်နှင့် ဆိုင်းငံ့ပေးရန်ကိစ္စတို့ကို စရိတ်နှင့်တကွ ပြင်းပယ်လိုက်သည်။

(လှဒေါး)
**တရားသူကြီး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီး မှန်ကန်ကြောင်း
တာဝန်ယူသည်။

---

၁။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(စုံညီ)၊ စာမျက်နှာ ၃၅၂ ။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်